

mgyoe.com

mgyoe.com



# ကိုရီးယား ကျေးလက်ပုံပြင်များ

မရွှေဆု

မြန်မာပြန်ဆိုသည်

ကျေးဇူးဆပ်သော ကျားကြီး

စိတ်ထားကောင်းသော သိုးကလေး

မှန်ကို ပထမဆုံးအကြိမ် တွေ့ဖူးသော လူသားများ

အရမ်းချစ်ကြတဲ့ ညီအစ်ကိုနှစ်ယောက်

ထမင်းထုပ်တွေသီးတဲ့ အပင်ကြီး



ISBN 9789997112019

MS54

9 789997 112019

2,500.00KS

ကိုရီးယားကျေးလက်ပုံပြင်များ၊ မရွှေဆု
စာမျက်နှာ ၆၆ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪

# ကိုရီးယားကျေးလက်ပုံပြင်များ

မရွှေဆု

မြန်မာပြန်ဆိုသည်

မ၀၀၀-၆၈၇ [illegible]၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ကိုရီးယား ကျေးလက်ပုံပြင်များ

မရွှေဆု

မြန် မာ ပြန် ဆို သည်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကျေးဇူးဆပ်သော ကျားကြီး | ၁ |
| ၂။ | စိတ်ထားကောင်းသော သိုးကလေး | ၁၇ |
| ၃။ | မှန်ကို ပထမဆုံးအကြိမ် တွေ့ဖူးသော လူသားများ | ၃၃ |
| ၄။ | အရမ်းချစ်ကြတဲ့ ညီအစ်ကိုနှစ်ယောက် | ၄၅ |
| ၅။ | ထမင်းထုပ်တွေသီးတဲ့ အပင်ကြီး | ၅၆ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျေးဇူးဆပ်သော ကျားကြီး







ရွာလေးတစ်ရွာမှာ အမေအိုကြီးနှင့် သစ်ခုတ်သမားလေးတို့ နေထိုင်ကြတယ်။

mgyoe.com


အမေ၊ ကျွန်တော် သစ်ခုတ်သွားလိုက်ဦးမယ်
အေးကွယ်၊ သတိထားနော်
အဲ့လိုနဲ့ သစ်ခုတ်သမားလေးက သူတို့နေတဲ့ ရွာအနီးအနားမှာရှိတဲ့ တောကြီးထဲမှာ သစ်ခုတ်နေတော့ တယ်။
ရုတ်တရက် ဘယ်ကနေမှန်းမသိ ကျားကြီးတစ်ကောင်ရဲ့ ဟိန်းသံကို ကြားလိုက်ရတယ်။

mgyoe.com


သစ်ခုတ်သမားလေးက
လှည့်ကြည့်လိုက်တဲ့အခါ
ကျားကြီးတစ်ကောင်က
သစ်ခုတ်သမားလေးကို
ကြည့်နေတော့တယ်။
အမလေး . . . ငါတော့ သေပါပြီ
ဒါပေမဲ့ ကျားကြီးကတော့ ပါးစပ်ကို အကျယ်ကြီးဟပြီး မျက်ရည်တွေ ကျပြီး ငိုနေတော့တယ်။
အဲ့လိုနဲ့ သစ်ခုတ်သမားလေးက ကျားကြီးအနားကပ်သွားပြီး သေချာကြည့်တော့တယ်။






သစ်ခုတ်သမားလေးမှာ
ကျားကြီးကို
ကြောက်သော်လည်း
ဝေဒနာဖြစ်နေတဲ့
ကျားကြီးကို ဒီအတိုင်း
ထားမသွားနိုင်ခဲ့ဘူး။




သစ်ခုတ်သမားလေးက ကျားကြီးရဲ့ပါးစပ်အကျယ်ကြီးကို သေချာဟကြည့်ပြီး စူးစမ်းတော့တယ်။


အဲလိုနဲ့ သစ်ခုတ်သမားလေး
က ကျားကြီးရဲ့အာခေါင်မှာ
တစ်နေတဲ့ အရိုးကြီးကြီးကို
ဖယ်ပေးနိုင်ခဲ့တယ်။
ကျေးဇူးတင်ပါတယ်၊ ကျေးဇူးဆပ်ပါမယ်
နောက်တစ်နေ့ညမှာတော့
အိပ်မောကြနေတဲ့ သစ်ခုတ်သမားလေးဟာ ထူးဆန်းတဲ့အသံတစ်သံကို ကြားလိုက်ရတယ်။

mgyoe.com




mgyoe.com


ကျားကြီးက သူ့ကို ကယ်တင်တဲ့အတွက်
ကျေးဇူးဆပ်တာ ဖြစ်မယ်
အဲ့ဒီနောက် ကျားကြီးက သစ်တုံးကြီးတွေကို အဆက်မပြတ် ပို့ပေးနေတဲ့အတွက် သစ်ခုတ်သမားလေးမှာ သစ်ခုတ်သွားစရာ မလိုတော့ဘူး။
ဒါပေမဲ့ တစ်ရက်မှာ
ငါ့သားလေး မင်္ဂလာဆောင်ရမယ့် အရွယ်ပေမဲ့. . .
အမေအိုကြီးက သစ်ခုတ်သမားလေးအတွက် စိတ်ပူနေတော့တယ်။

mgyoe.com

နောက်
တစ်
ရက်
မနက်
စော
စော
မှာ
ဖြင့် . . .





အိမ်ရှေ့မှာ ကောင်မလေးတစ်ယောက်က အဘယ်ကြောင့် လဲလျောင်းနေတာကို မြင်တော့ အမေအိုကြီးနှင့် သစ်ခုတ်သမားလေးတို့ဟာ အရမ်းကို လန့်သွားကြတော့တယ်။



သစ်ခုတ်သမားလေးနဲ့ အမေအိုကြီးတို့ဟာ လဲလျောင်းနေတဲ့ ကောင်မလေးကို မြင်တော့ သနားနေကြတယ်။

mgyoe.com


ငါ . . . ဘယ်ရောက်နေတာလဲ
ကောင်မလေးက လွန်ခဲ့တဲ့ တစ်ရက်က ညမှာ ကျားကြီး တစ်ကောင်ကို တွေ့လိုက်တဲ့ အကြောင်းကို ပြောပြတော့တယ်။
သားရဲ့မင်္ဂလာကိစ္စ အကြောင်း စဉ်းစားတာ ကျားကြီးက အမေ့စကားကို ကြားသွားလို့ ဖြစ်မယ်။

mgyoe.com


သစ်ခုတ်သမားလေးက ကျားကြီးနှင့် ပတ်သက်တဲ့အဖြစ်အပျက်အားလုံးကို ကောင်မလေးကို ပြောပြပြီးနောက် . . .
ကောင်မလေးက သစ်ခုတ်သမားလေးကို နှစ်သက်သွားပြီး သူတို့နှစ်ယောက် မင်္ဂလာဆောင်ဖို့ ပြင်ဆင်ကြတော့တယ်။
ကောင်မလေး အိမ်ကိုသွားပြီး လက်ဆောင်ပစ္စည်းတွေပေးဖို့ အမေတို့မှာ ဘာမှမရှိဘူး မဟုတ်လား သား. . .
ရပါတယ် အမေ၊ အရမ်းစိတ်မပူပါနဲ့
သားအမိနှစ်ယောက် တိုင်ပင်နေကြတယ်။

mgyoe.com

mgyoe.com



နောက်တစ်ရက် လက်ဆောင်တွေ အများကြီးနှင့်အတူ နွားနှင့် ကျွဲတို့ကို အိမ်ရှေ့မှာ တွေ့လိုက်ရတယ်။






သစ်ခုတ်သမားမှာဖြင့် သူ၏ ဇနီးနှင့်အတူ လက်ဆောင်တွေကို သယ်ပြီး ဇနီးသည်ရဲ့မိဘအိမ်ကို သွားကြတော့တယ်။

mgyoe.com


အမလေး၊ သမီး . . . သမီးလေး . . .
ကောင်မလေးရဲ့ အဖေကတော့ သစ်ခုတ်သမားလေးကို မျက်စိကျပြီး သူ့ရဲ့သမီးနှင့် သဘောတူလိုက်တယ်။
호랑이를 잡는 자에겐 큰 비술을 내리겠노라. –임금님
ရက်အနည်းငယ်ကြာတော့ ရွာထဲမှာ ကျားကြီးတစ်ကောင် သောင်းကျန်းနေတယ်။
ကျားကြီးကို ဖမ်းနိုင်တဲ့သူကို ဆုချမယ်ဆိုပြီး ကြေညာစာကပ်လိုက်တယ်။


အဲ့လိုနဲ့ သစ်ခုတ် သမားလေးက သောင်းကျန်းတဲ့ ကျားကြီးကို ဖမ်းဖို့ ညတိုင်း ကင်းလှည့် ထွက်တော့တယ်။
တစ်ရက်လည်းကျတော့ သစ်ခုတ်သမားလေး အရှေ့မှာ ကျားကြီးတစ်ကောင် ပေါ်လာတယ်။
သစ်ခုတ်သမားကလည်း မြားကို စွပ်ခနဲ ပစ်လိုက်ပြီး ကျားကြီးကို ဖမ်းမိသွားတယ်။

mgyoe.com




mgyoe.com
mgyoe.com


အကျွန်ုပ်သည် အသက်လည်း ကြီးပြီဖြစ်တဲ့အတွက် အသက်စွန့်လွှတ်ရမည့် အချိန်လည်း ရောက်ပြီ၊ ဆုငွေကို ရယူလိုက်ပါ
စကားတွေ ပြောပြီးနောက် ကျားကြီးဟာ အသက် မရှူနိုင်တော့ဘဲ သေသွားတော့တယ်။
ကျားကြီးရေ. . . ကျားကြီး





သစ်ခုတ်သမားမှာ အဆုံးအထိ ကျားကြီးကို ကျေးဇူးဆပ်တဲ့အနေနှင့် ဆုငွေကို လက်မခံနိုင်ခဲ့ဘူး။




အဲ့လိုနဲ့ သစ်ခုတ်သမားဟာ ကျားကြီးကို နေရောင်ကောင်းစွာရတဲ့ တောင်ကုန်းလေးပေါ်မှာ မြေမြှုပ်ပေးခဲ့တယ်။


mgyoe.com

mgyoe.com




တောကြီးတစ်တောထဲမှာ စိတ်သဘောထားကောင်းတဲ့ သိုးကလေးတစ်ကောင် နေထိုင်တယ်။ သိုးကလေးရဲ့ အမွေးတွေဟာ ဖွဖွယယ ရှိမနေဘူး။

mgyoe.com



ဒီနေ့ ရာသီဥတုက သာယာလိုက်တာ၊
လမ်းလျှောက်ထွက်ရမယ်
အဲ့လိုနဲ့ သိုးကလေးက ပျော်ရွှင်စွာ လမ်းလျှောက် ထွက်နေခဲ့တယ်။
ရုတ်တရက် လမ်းမှာ ခြင်္သေ့နှင့် မြေခွေးတို့ အတူတူ လမ်းလျှောက်လာတာကို တွေ့လိုက်တဲ့အခါ သိုးကလေးက . . .

mgyoe.com







သိုးကလေး ပူပန်ရတဲ့အကြောင်းအရင်းကတော့ တောထဲမှာ သားကောင်ကို တွေ့ရင် ခြင်္သေ့တို့၊ မြေခွေးတို့ဟာ အချင်းချင်း တိုက်ခိုက်ပြီး သိုးတွေကို ဖမ်းစားတတ်ကြလို့ပဲ ဖြစ်တယ်။




mgyoe.com



အဲ့လိုနဲ့ သိုးကလေးလည်း သစ်ပင်နောက်ကို မြန်မြန်သွားပြီး ပုန်းနေတော့တယ်။



ခြင်္သေ့နှင့် မြေခွေးတို့ သိုးကလေးကို ကျော်သွားတဲ့အထိ သိုးကလေးမှာ အသက်ကို အောင့်ထားပြီး သစ်ပင်နောက်မှာ ပုန်းကွယ်နေခဲ့တယ်။

mgyoe.com




အချိန်အတန်ကြာ စိတ်ပူပန်နေသော သိုးကလေးဟာ နောက်ဆုံးတော့ တောနတ်မင်းကြီးဆီကို သွားပြီး အကူအညီတောင်းတော့တယ်။

mgyoe.com


တောနတ်မင်းကြီးက . . .
သိုးကလေး . . . ဘာကိစ္စရှိလို့လဲကွဲ့
တောနတ်မင်းကြီး. . . ကျွန်ုပ်ကို သားကောင်ကြီးတွေ အန္တရာယ်က လွတ်အောင် ကူညီပေးပါ
ဒီတောကြီးထဲမှာ အသင်သိုးအတွက် နေခင်း ထိုင်ခင်း မသာယာဘူးလို့ ဆိုလိုချင်တာလား


ကျွန်ုပ်သည် အကောင်သေးငယ်ပြီး အားအင်မရှိသောကြောင့် သားကောင်ကြီးများ မတွေ့အောင် အမြဲဂရုစိုက်သွားလာနေရပါတယ်
အဲဒီတော့ စိတ်လွတ်ကိုယ်လွတ် သွားလာချင်ပေမဲ့ မဖြစ်နိုင်ဘူး ဖြစ်နေပါတယ်။
ကျွန်ုပ်အတွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့ စွမ်းအားကို ပေးသနားပါ အရှင် တောနတ်မင်းကြီး


mgyoe.com
အင်း. . . အသင်သိုးရဲ့အဖြစ်ကို
နားထောင်ကြည့်လိုက်တော့လည်း
ကိုယ်ချင်းစာမိပါတယ်ကွယ်
အဲ့လိုနဲ့ အရှင်တောနတ်မင်းကြီးက သွားအစွယ်နဲ့ လက်သည်းအချွန်တွေ ပေးမယ်ပြောသောအခါ. . .
ကျွန်ုပ် အဲ့ဒီအရာတွေ မလိုချင်ဘူး
သိုးကလေးက ငြင်းဆန်ခဲ့တယ်။

mgyoe.com

mgyoe.com




mgyoe.com


ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အတွက် အကောင်းဆုံး အရာတွေကို ပေးတော့လည်း မလိုချင်ဘူးဆိုပြီး ငြင်းဆန် နေတော့မှာလား အသင်သိုး . . .
အရှင် တောနတ်မင်းကြီး. . . ကျွန်ုပ်အတွက် အကောင်းဆုံး အကာအကွယ်ပြုနိုင်ပေမဲ့ အဲ့လိုအရာတွေ အလိုမရှိပါ
အဲ့ဒီအရာတွေကို ပိုင်ဆိုင်ရင် ကျွန်ုပ်ဟာ ကြောက်စရာ ကောင်းသော အကောင်ဖြစ် သွားပြီး ဘယ်သူမှ ကျွန်ုပ်ကို ပေါင်းသင်းတော့မှာ မဟုတ်ဘူး

mgyoe.com


အသင်သိုး ပြောတာလည်း မှန်တာပဲ
အခြားနည်းလမ်းက
မရှိတော့ဘူးဆိုရင်လည်း
ကျွန်ုပ် အခု အရှိအတိုင်းပဲ
နေပါတော့မယ်
သားကောင်ကြီးတွေလိုမျိုး
အားနည်းတဲ့
အကောင်လေးတွေကို
အမဲလိုက်ပြီး မနေချင်လို့ပါ




mgyoe.com
mgyoe.com


အဲဒါဆို အသင့်ကို အသုံးရှိအောင် ဖန်တီးပေးလိုက်မှာပေါ့
သိုးကလေး ကတော့ တောနတ်မင်းကြီးရဲ့ စကားကို နားမလည်နိုင်ဘူး ဖြစ်နေတယ်။
အဲ့လိုနဲ့ “ဖျောင်း”ဆိုတဲ့ အသံနဲ့အတူ သိုးကလေး ခန္ဓာကိုယ်က ပိုကြီးသွားပြီး အမွေးစုတ်ဖွားလေး ဖြစ်သွားတော့တယ်။


mgyoe.com


သိုးကလေးက ပြောင်းလဲသွားတဲ့အခါ. . .
တောနတ်မင်းကြီးရေ. . . ကျွန်ုပ်ခန္ဓာကိုယ် အရင်ကထက် ပိုကြီးသွားတယ်. . .
ဟား ဟား ဟား. . . အသင့်ခန္ဓာကိုယ်က ကြီးလာတာ မဟုတ်ဘူး၊ အမွေးတွေ ပိုထူလာတာကွယ့်
သိုးကလေးကတော့ တအံ့တဩဖြင့် ထူထပ်လာတဲ့ အမွေးတွေကို သေချာကြည့်နေတော့တယ်။

mgyo.com

mgyoe.com

အမွေးပါးပါးလေးတွေ
မရှိတော့ဘဲ နူးညံ့ပြီး
အမွေးထူထူလေးတွေ
ထွက်လာတာကြောင့်
သိုးကလေးမှာ
အလွန်ပင်
ပျော်ရွှင်နေတော့တယ်။





အဲဒီလိုနဲ့ တောနတ်မင်းကြီးက သိုးကလေးကို သူကိုယ်တိုင် ဖန်တီးပေးလိုက်တဲ့ နူးညံ့ပြီး ထူထပ်တဲ့ အမွေးတွေနဲ့ မိမိကိုယ်ကို မိမိ ကာကွယ်ဖို့ မှာကြားလေတော့တယ်။




mgyoe.com